Company Letter Head

Company Address and Contact Detail

ရက်စွဲ၊ -----------------------

## Food/Nutrient/Dietary Supplements တင်သွင်းခြင်းနှင့်ပတ်သက်၍ ခံဝန်ကတိပြုခြင်း

Food/Nutrient/Dietary Supplements တင်သွင်းမည့် ကုမ္ပဏီ၏ Managing Director (သို့မဟုတ်) ငှင်းရာထူးထက်မနိမ့်သော တာဝန်ခံပုဂ္ဂိုလ်မှ အောက်ပါအချက်များကို သိရှိနားလည်းပြီး ခံဝန်ကတိပြုအပ်ပါသည်။

၁။ Import Recommendation ထုတ်ပေးခြင်းသည် ရည်ညွှန်းကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင်ထိရောက်မှုကို အလုံးစုံအာမခံပေးခြင်းမဟုတ်သဖြင့် ယင်းသို့ထင်မှတ်စေသော ရေးသားချက်၊ ဖော်ပြချက်များ မပြုလုပ်ရန်နှင့် ဖြည့်စွက်စားသောက်ကုန်ပစ္စည်း၏ ဘေးထွက်ဆိုးကျိုးများကို တင်ပြရန် ကုမ္ပဏီမှတာဝန်ယူပါမည်။

၂။ Import Recommendation အား အကြောင်းပြု၍ တင်သွင်းလာသော Food / Nutrient / Dietary Supplements များသည် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များသာ ဖြစ်သည့်အတွက် ရောဂါအခြေအနေတစ်စုံတစ်ရာကို ကုသ/ ပျောက်ကင်း/ သက်သာစေနိုင်သည်ဟု ညွှန်းဆိုဖော်ပြကြော်ငြာရောင်းချခြင်းမပြုပါ။

၃။ ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုမည့် လက်ကမ်းစာစောင်များ၊ Insert များ၊ Pamphlet များ၊ သတင်းစာ၊ မီဒီယာများတွင် ကြော်ငြာမည့်အစီအစဉ်ရှိပါက ကုမ္ပဏီမှထောက်ခံချက်လျှောက်ထားစဉ် တပါတည်းသော်လည်းကောင်း၊ နောက်ဆက်တွဲဖြင့်သော်လည်းကောင်း ဌာနသို့ပူးတွဲတင်ပြပါမည်။ တင်ပြချက်များအပေါ် ပြင်ဆင်ရန်လိုအပ်လာပါက အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ပါမည်။

၄။ သွင်းကုန်ထောက်ခံချက် (Import Recommendation) ရရှိပြီးသော Food/Nutrient/Dietary Supplements များအား အမှန်တကယ်တင်သွင်းလာသည့်အခါ သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate) မဖြစ်မနေလျှောက်ထားပါမည်။

၅။ လျှောက်ထားသည့် Food/ Nutrient/ Dietary Supplements နှင့်ပတ်သက်၍ ပါဝင်ပစ္စည်း (Active Ingredient) (သို့မဟုတ်) ကျန်းမာရေးအကျိုးကျေးဇူးဖော်ပြချက် (Health Claims) (သို့မဟုတ်) အာနိသင်ဖော်ပြချက် (Functional Claims) တို့အား အတည်ပြုစိစစ်သုံးသပ်ရန် လိုအပ်ပါက အထောက်အထားစာရွက်စာတမ်းများ၊ သုတေသနပြုရှာဖွေတွေ့ရှိချက်များ၊ ကျန်းမာရေးသိပ္ပံပညာဆိုင်ရာ အသိအမှတ်ပြုအဖွဲ့အစည်းများမှ လေ့လာသုံးသပ်ချက်များအား ပြည့်စုံစွာတင်ပြပါမည်။

၆။ တင်သွင်းသည့် Food/ Nutrient/ Dietary Supplements နှင့်ပတ်သက်၍ ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ယခု ခံဝန်ရေးထိုးလျှောက်ထားသည့်ကုမ္ပဏီမှ အလုံးစုံတာဝန်ယူပြီး ဈေးကွက်မှ ပြန်လည်ရုတ်သိမ်းခြင်း (Market Recall) နှင့် ဌာနသို့ အချိန်မီသတင်းပေးပို့ခြင်းများ ပြုလုပ်ပါမည်။

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Food/ Nutrient/ Dietary Supplements နှင့်ပတ်သက်၍ အခါအားလျော်စွာထုတ်ပြန်ကြေညာသည့် စည်းကမ်းချက်များ၊ ပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများအား သိရှိလိုက်နာဆောင်ရွက်ပါမည်။

အထက်ဖော်ပြပါအချက်များကို လိုက်နာခြင်းမရှိပါက တည်ဆဲအမျိုးသားအစားအသောက်ဥပဒေအရ သော်လည်းကောင်း၊ ဌာန၏ စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း အရေးယူခံရမည်ဖြစ်ကြောင်းကို သိရှိပြီး တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ပါမည်ဟု ခံဝန်ကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

ကုမ္ပဏီတံဆိပ်

လေးစားစွာဖြင့်

လက်မှတ် ---------------------------------

အမည် ---------------------------------

ရာထူး ---------------------------------